ကျွန်မတို့ပြည်သူတွေကို ပညာတတ်ဖို့ဆိုရင် ကွက်ပြီးတော့ကြည့်လို့မရဘူး၊ ကျွန်မတို့နိုင်ငံ တစ်နိုင်ငံတည်းမှာ ပညာရေးဌာနကိုကိုင်တဲ့သူတွေက ငါတို့ကတော့ဒါသင်ခိုင်းမယ်၊ ငါတို့ကတော့ဟိုဟာ သင်ခိုင်းမယ်၊ ဆိုပြီးအဲ့ဒီလိုလုပ်လို့မရဘူး၊ ကမ္ဘာကြီးကို ကြည့်ရတယ်။ ကမ္ဘာကြီးမှာ ဘယ်လိုအဆင့်အတန်း ရှိလဲ၊ ကမ္ဘာကြီးမှာ ဘာလိုအပ်ချက်တွေရှိလဲ၊ ဘယ်လို သင်ရိုးညွှန်းတမ်းနဲ့မှ ကျွန်မတို့ကလေးတွေက ကမ္ဘာကြီး မှာ တခြားနိုင်ငံတွေနဲ့ ရင်ဘောင်တန်းနိုင်မယ်ဆိုတာ စဉ်းစားပြီးမှ ဆုံးဖြတ်ပြီးမှ ဘယ်လိုပညာရေးစနစ်ကို ထူထောင်မလဲဆိုတာကို ကျွန်မတို့သိနိုင်မှာပါ။

★★★

ပြည်သူလူထုဟာ ကိုယ်ရဲ့အစွမ်းအစနဲ့ကိုယ် လုပ်နိုင်တယ်ဆိုတဲ့ ယုံကြည်ချက်ရှိရမယ်။

★★★

ကျွန်မပွင့်ပွင့်လင်းလင်းပဲပြောတော့မယ်နော်။ ကျွန်မတို့ ဒီရွေးကောက်ပွဲမှာဝင်တာ အပျော်ဝင်တာ မဟုတ်ဘူး။ နိုင်အောင်ဝင်တာ၊ နိုင်ဖို့ဝင်တာ၊ အစ ကတည်းက နိုင်ချင်တဲ့ စိတ်ဓါတ်မရှိရင်ဝင်စရာ အကြောင်း ဘာမှမရှိဘူး။

★★★